## အသည်းရောင်အသားဝါရောဂါ ကာကွယ်နိုင်သော နည်းလမ်းများ
## အသည်းရောင်အသားဝါရောဂါ (အေ၊ အီး)

- တကိုယ်ရေသန့်ရှင်းမှု၊
- အစားအစာမပြင်ဆင်မီ၊ မစားသုံးမီနှင့် အိမ်သာတက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောခြင်း၊
- မသန့်ရှင်းသော အစားအစာနှင့် ရေများသောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊
- အသား၊ ငါးများကို သေချာစွာ ကျက်အောင် ချက်ပြုတ် စားသုံးခြင်း၊
- ကာကွယ်ဆေးထိုးခြင်း (တွင်ကျယ်စွာအသုံးပြုနိုင်ခြင်း မရှိသေးပါ)။








## အသည်းရောင်အသားဝါရောဂါ ကာကွယ်နိုင်သော နည်းလမ်းများ
## အသည်းရောင်အသားဝါရောဂါ (ဘီ၊ စီ)

- ကြိုတင်ကာကွယ်ဆေး (Hepatitis B Vaccine) ကို အကြိမ်ပြည့်ထိုးနှံခြင်းသည် အသည်းရောင်အသားဝါ ဗိုင်းရပ်စ်(ဘီ) ပိုးကို အကောင်းဆုံး ကာကွယ်ခြင်းနည်းလမ်း ဖြစ်ပါသည်။
- မွေးကင်းစ ကလေးအားလုံးကို မွေးဖွားပြီး (၂၄) နာရီ အတွင်း အသည်းရောင် အသားဝါ (ဘီ) ရောဂါ ကာကွယ်ဆေး ထိုးနှံသင့်ပါသည်။
- မလိုအပ်ဘဲဆေးထိုးခြင်း၊ သွေးသွင်းခြင်းမှ ရှောင်ကြဉ်ရန်၊ *(ဆေးထိုးရန်လိုအပ်ပါက တစ်ခါသုံးဆေးထိုးအပ်ကိုသာ အသုံးပြုရန်၊ သွေးသွင်းကုသရန် လိုအပ်ပါက ကူးစက်ရောဂါများကင်းရှင်းကြောင်း စစ်ဆေးပြီးသော သွေးကိုသာဆေးရုံများတွင် သွင်း၍ ကုသမှုခံယူရန်)*
- ဆေးထိုးအပ်၊ ဆေးထိုးပြွန်များကို မျှဝေအသုံးပြုခြင်းမှ ရှောင်ကြဉ်ရန်၊



- အသုံးပြုပြီးသော ဆေးထိုးအပ်၊ ဆေးပုလင်း စသည့် ချွန်ထက်ပစ္စည်းများအား စနစ်တကျကိုင်တွယ်၊ စွန့်ပစ်ရန်၊
- လိင်အပျော်အပါးလိုက်စားခြင်းမှ ရှောင်ကြဉ်ရန်နှင့် မရှောင်နိုင်ပါက ကွန်ဒုံးသုံးရန်၊
- အသည်းရောင် အသားဝါ (စီ) ပိုးအတွက် ကာကွယ်ဆေး မရှိသေးပါ။

**(အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးထိုးနှံခြင်းဖြင့် အသည်းရောင်အသားဝါ (ဒီ) ရောဂါ ဖြစ်ပွားမှုကိုလည်း ကာကွယ်နိုင်ပါသည်။)**







## အသည်းရောင်အသားဝါရောဂါ
## ကုသနိုင်သည့် နည်းလမ်းများ

- သစ်သီးဖျော်ရည်များကိုသကြား၊ ဂလူးကို့စ်အမှုန့်တို့နှင့်ဖျော်၍ များများသောက်ပါ။
- အာဟာရပြည့်ဝစွာ စားသောက်ပါ။
- မောပန်းနွမ်းနယ်စေသော အလုပ်များကို ရှောင်ကြဉ်ပါ။
- အရက်သေစာ သောက်စားခြင်းကို ရှောင်ကြဉ်ပါ။
- ဆရာဝန်ညွှန်ကြားချက်များကို လိုက်နာပါ။
- အသည်းရောင် အသားဝါရောဂါ (ဘီ) နှင့် (စီ) တို့ကို ပိုးသတ်ဆေးများဖြင့် ထိရောက်စွာ ကုသနိုင်ပါသည်။






CLINTON FOUNDATION · MEDECINS DU MONDE · Burnet Institute · Community Partners International · MYANMAR LIVER FOUNDATION




၂၀၁၈ ခုနှစ်၊ ဇူလိုင် (ပထမအကြိမ်)

MINISTRY OF HEALTH AND SPORTS

World Health Organization Myanmar

# အသည်းရောင်အသားဝါရောဂါ
# (Hepatitis)
# အကြောင်းသိကောင်းစရာ



## အသည်းရောင်အသားဝါရောဂါ ဘာကြောင့်ဖြစ်သလဲ။

**အသည်းရောင်အသားဝါရောဂါသည်**

- အသည်းရောင်အသားဝါဗိုင်းရပ်စ်ပိုးများနှင့် အခြားကူးစက်ရောဂါပိုးများ
- အချို့ဓါတုပစ္စည်းများနှင့် ဆေးဝါးများ၊
- အရက်သေစာ သောက်သုံးခြင်းတို့ကြောင့် ဖြစ်နိုင်သည်။

**အသည်းရောင်အသားဝါဗိုင်းရပ်စ်ပိုးများမှာ–**

အသည်းရောင်အသားဝါ ဗိုင်းရပ်စ် (အေ)၊ (ဘီ)၊ (စီ)၊ (ဒီ)၊ (အီး) ပိုးတို့ဖြစ်ပါသည်။

## အသည်းရောင်အသားဝါရောဂါပိုး ကူးစက်နိုင်သည့် နည်းလမ်းများ

### အသည်းရောင်အသားဝါ (အေ) နှင့် (အီး) ဗိုင်းရပ်စ်ပိုး တို့သည်

- မသန့်ရှင်းသော ရေ နှင့် အစားအစာများ စားသောက်မိခြင်း (အညစ်အကြေး၊ မစင်များ မှတဆင့်)



### အသည်းရောင်အသားဝါ(ဘီ)နှင့်(စီ) ဗိုင်းရပ်စ်ပိုးသည်-



အသည်းရောင်အသားဝါ (ဘီ)နှင့် (စီ) ရောဂါပိုး ပါဝင်သည့် သွေးသွင်းမိခြင်း၊ ရောဂါပိုးပါသော အပ်များဖြင့်ဆေးထိုးခြင်း၊ ဆေးထိုးအပ်များမျှဝေသုံးစွဲခြင်း၊

ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊





ကလေးမွေးဖွားစဉ်တွင် ရောဂါပိုးရှိသော မိခင်မှ ကလေးသို့ ကူးစက်ခြင်း၊

နားဖောက်ခြင်း၊ အပ်စိုက်ခြင်း၊ ဆေးမင်ကြောင် ထိုးခြင်း၊





ရောဂါပိုးရှိသောသူနှင့် သွားတိုက်တံ၊ သွားကြားထိုးတံ၊ မုတ်ဆိတ်ရိတ်ဓား၊ လက်သည်းညှပ်တို့ကို မျှဝေသုံးစွဲခြင်း



( အသည်းရောင်အသားဝါ (ဒီ) ရောဂါသည် အသည်းရောင်အသားဝါ (ဘီ) ရောဂါပိုးရှိသူများတွင်သာ ကူးစက်ခံရနိုင်ပြီး ရောဂါပိုးကူးစက်ပုံမှာလည်း အသည်းရောင်အသားဝါ(ဘီ) ကဲ့သို့ပင် ဖြစ်သည်။)

## အသည်းရောင်အသားဝါရောဂါ ကူးစက်နိုင်ချေရှိသူများ

- အသည်းရောင်အသားဝါ (အေ) ရောဂါသည် အလွယ်တကူ ကူးစက်တတ်သည့် ရောဂါဖြစ်ပြီး ကလေးများတွင် အဖြစ်အများဆုံးဖြစ်သည်။
- အသည်းရောင်အသားဝါ (အေ) နှင့်(အီး) ရောဂါပိုးရှိသူ နှင့် အတူနေထိုင်သူများ၊
- ကိုယ်ခံအားကျဆင်းနေသူများ နှင့် ကိုယ်တွင်းအင်္ဂါအစားထိုး ကုသမှုခံယူရသူများ၊
- အသားစိမ်း၊ ငါးစိမ်း စားလေ့ရှိသူများ၊
- တကိုယ်ရေ သန့်ရှင်းမှု အားနည်းသူများ၊
- သန့်ရှင်းသော သောက်သုံးရေမရရှိသောဒေသများတွင် အသည်းရောင်အသားဝါ (အေ) နှင့် (အီး) ရောဂါသည် ကပ်ရောဂါအသွင် (သို့မဟုတ်) အစုလိုက်အပြုံလိုက် ဖြစ်ပွားတတ်သည်။





### အသည်းရောင်အသားဝါ(ဘီ)နှင့်(စီ)ရောဂါပိုးသည်

- မကြာခဏ အကြောဆေးထိုးလေ့ရှိသူများ၊
- သွေးသွင်းကုသမှုခံယူရသူများ၊
- ကျောက်ကပ်ဆေးရသူ လူနာများ၊
- မူးယစ်ဆေးဝါး သွေးကြောအတွင်းသို့ သွင်းလေ့ရှိသူများ၊
- ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊
- သွေး နှင့် ဆက်စပ်ပစ္စည်းများကို ထိတွေ့၊ ကိုင်တွယ်ရသူများ၊
- ရောဂါပိုးရှိသောမိခင်မှ မွေးဖွားသောကလေးများ၊
- ရောဂါပိုးရှိသူနှင့် အကာအကွယ်မဲ့လိင်ဆက်ဆံသူများ၊



- လိင်ဆက်ဆံဖော်များသူများ၊
- မသန့်ရှင်းသော ကိရိယာများဖြင့် နားဖောက်သူများ (သို့) အရေပြားကိုဖောက်၍ အလှတန်ဆာ များ တပ်ဆင်သူများ၊ ဆေးမင်ကြောင်ထိုးသူများ၊ ရောဂါပိုးရှိသောသူနှင့် သွားတိုက်တံ၊ သွားကြားထိုးတံ၊ မုတ်ဆိတ်ရိတ်ဓား၊ လက်သည်းညှပ်များ မျှဝေသုံးစွဲသူများတွင် ဖြစ်နိုင်ချေများသည်။

## အသည်းရောင်အသားဝါရောဂါလက္ခဏာများ

အောက်ပါရောဂါလက္ခဏာများ ခံစားရသည်ဟု သံသယရှိပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်၍ စစ်ဆေးမှုခံယူပါ။




## အသည်းရောင်အသားဝါရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

- နာတာရှည် အသည်းရောင်ရောဂါ၊
- အသည်းခြောက်ရောဂါ၊
- အသည်းကင်ဆာရောဂါ။

